NEW YORK STATE | Department of Health

# ဝေဒနာသက်သာစေရေး စောင့်ရှောက်မှုဆိုသည်မှာ အဘယ်နည်း။

**ဝေဒနာသက်သာစေရေး စောင့်ရှောက်မှု (Palliative care) သည် လူနာများ၏ နာမကျန်းမှုအခြေအနေတိုင်းအတွက် ဖြစ်သည်။ ဆေးရုံနှင့် အရေးပေါ်ဌာနတွင် သင် မနေရစေရန် ၎င်းကို ဖန်တီးစီစဉ်ထားသည်။ ဝေဒနာသက်သာစေရေး စောင့်ရှောက်မှုသည် ပြင်းထန်သော သို့မဟုတ် နာတာရှည်ဖြစ်သော (ရေရှည်ဖြစ်နေသော) နာမကျန်းမှုကြောင့် ဖြစ်လာသည့် နာကျင်မှု သို့မဟုတ် ရောဂါလက္ခဏာများကို စီမံထိန်းချုပ်ပေးသည်။ သင်နှင့် သင့်မိသားစုအတွက် အကောင်းဆုံး စောင့်ရှောက်မှုအရည်အသွေးကို ပေးအပ်နိုင်ရန် သင်၏ ကျန်းမာရေးစောင့်ရှောက်မှုပေးသူနှင့် အထူးကျွမ်းကျင်သူများအဖွဲ့သည် အတူလက်တွဲ၍ အလုပ်လုပ်ကြသည်။**

## ကျွန်ုပ်အတွက် ဝေဒနာသက်သာစေရေး စောင့်ရှောက်မှုကို မည်သည့်အချိန်တွင် ရယူရန် မှန်ကန်သင့်လျော်သနည်း။

- သင်က ရောဂါတွေ့ရှိမှုအသစ်ကြောင့် ရုန်းကန်နေရပါသလား။
- မကြာသေးမီက သင် ဆေးရုံတက်ခဲ့ရပါသလား။
- သင်က အရေးပေါ်ဌာနတွင် မကြာခဏ ပြသရပါသလား။
- သင်က နာတာရှည်နာမကျန်းမှုကြောင့်ဖြစ်သော နာကျင်မှု၊ စိတ်သောက သို့မဟုတ် အခြားရောဂါလက္ခဏာများကို ခံစားရပါသလား။
- သင်က သက်သာပျောက်ကင်းရေးကုထုံးကို ခံယူနေပါသလား။

*သင်က ယင်းမေးခွန်းများအနက် တစ်ခုခုကို ဟုတ်ပါသည်ဟု ဖြေဆိုခဲ့လျှင် ဝေဒနာသက်သာစေရေး စောင့်ရှောက်မှုသည် သင့်အတွက် ဖြစ်သည်။*

## ဝေဒနာသက်သာစေရေး စောင့်ရှောက်မှုအတွက် မည်သူက ငွေပေးချေပါသနည်း။

ဝေဒနာသက်သာစေရေး စောင့်ရှောက်မှုသည် ဆေးကုသမှုဆိုင်ရာ အထူးပြုဘာသာရပ်တစ်ခု ဖြစ်သည်။ ၎င်းသည် Medicare အပါအဝင် အာမခံအစီအစဉ်အချို့တွင် အကျုံးဝင်သည်။

## ကျွန်ုပ်သည် ဝေဒနာသက်သာစေရေး စောင့်ရှောက်မှုကို မည်သည့်နေရာတွင် ခံယူရမည်နည်း။

သင်သည် ဝေဒနာသက်သာစေရေး စောင့်ရှောက်မှုကို သင့်အိမ်တွင်ဖြစ်စေ၊ ဆေးရုံတွင်ဖြစ်စေ၊ အခြားပြင်ပလူနာဆေးခန်းများတွင်ဖြစ်စေ သို့မဟုတ် စောင့်ရှောက်မှုဂေဟာတစ်ခုခုတွင်ဖြစ်စေ--သင် နေထိုင်နေသော မည်သည့်နေရာတွင်မဆို ခံယူနိုင်ပါသည်။

## ဝေဒနာသက်သာစေရေး စောင့်ရှောက်မှုကို မည်သို့ ရယူနိုင်သနည်း။

တောင်းဆိုလိုက်ပါ။ မည်သူမဆို ဝေဒနာသက်သာစေရေး စောင့်ရှောက်မှုကို တောင်းဆိုနိုင်သည်။ ယင်းတွင် သင် (လူနာ)၊ သင်၏ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ၊ မိတ်ဆွေများ၊ မိသားစုဝင် သို့မဟုတ် လူမှုဝန်ဆောင်မှုအေဂျင်စီတို့ ပါဝင်သည်။

ဝေဒနာသက်သာစေရေး စောင့်ရှောက်မှု **နှင့်** ဘဝနေဝင်ချိန် စောင့်ရှောက်မှု

# ဝေဒနာသက်သာစေရေး စောင့်ရှောက်မှုနှင့် ဘဝနေဝင်ချိန် စောင့်ရှောက်မှု (Hospice Care) တို့၏ ခြားနားချက်များကို လေ့လာပါ



## ဝေဒနာသက်သာစေရေး စောင့်ရှောက်မှု

သေလုမြောပါးရောဂါ လက္ခဏာများ မလိုအပ်ပါ- လူနာတွင် ပြင်းထန်သော သို့မဟုတ် နာတာရှည် နာမကျန်းမှု(များ) ရှိသည်

နာတာရှည်စောင့်ရှောက်မှု ဆိုင်ရာ စီမံခန့်ခွဲမှု

သက်သာပျောက်ကင်း ရေးကုထုံးကို ဆက်လက် လုပ်ဆောင်သည်



## ဘဝနေဝင်ချိန် စောင့်ရှောက်မှု

6 လနှင့်အောက် ကာလ အတွင်း သေနိုင်သော ရောဂါလက္ခဏာများ- လူနာသည် 6 လနှင့်အောက် သာ နေရတော့မည်ဟု ၎င်းက ခန့်မှန်းထားသည်

ဘဝကူးခါနီး စောင့်ရှောက်မှု

သက်သာပျောက်ကင်း ရေးကုထုံးကို ရပ်တန့်သည်


**ဘဝနေဝင်ချိန် စောင့်ရှောက်မှုနှင့် ဝေဒနာသက်သာစေရေးစောင့်ရှောက်မှုစင်တာ (Center for Hospice & Palliative Care)**

**သက်ကြီးရွယ်အိုများနှင့် ရေရှည်စောင့်ရှောက်မှုရုံး (Office of Aging and Long-Term Care)**

**အီးမေးလ်-** CHPC@health.ny.gov

**ဖုန်း-** (518) 807-7848


health.ny.gov/hospice


NEW YORK STATE | Department of Health

#14232 (Burmese) 11/2025